FAX NO. :381014 Sep. 18 2013 03:41PM P1

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**စီးပွားရေးအဆောက်အအုံများစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန်**
**မြေငှားရမ်းခြင်းအတွက် တင်ဒါခေါ်ယူခြင်း**

၁။ မြန်မာနိုင်ငံ၊ ရန်ကုန်မြို့တွင် အောက်ဖော်ပြပါနေရာ၌ စီးပွားရေးအဆောက်အအုံများစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် မြေငှားရမ်းခြင်းအတွက် နိုင်ငံခြားကုမ္ပဏီများ၊ ပြည်တွင်းကုမ္ပဏီနှင့် နိုင်ငံခြားကုမ္ပဏီ တို့ပါဝင်သောဖက်စပ်လုပ်ငန်းများ (Joint Ventures) မှတင်ဒါတင်သွင်းနိုင်ရေး ဖိတ်ခေါ် အပ်ပါသည်။

တည်နေရာ - ဗိုလ်မင်းရောင်လမ်းနှင့်မြန်မာ့ဂုဏ်ရည်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

မြေဧရိယာ - (၈. ၅၁၈) ဧက

၂။ အဆိုပါ မြေနေရာတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အတည်ပြုသည့် အစီ အစဉ်များနှင့် အညီတည်ဆောက်လုပ်ကိုင်ရန်ဖြစ်ပါသည်။

၃။ စီမံကိန်းတွင် ဟိုတယ်၊ ကွန်ဗင်းရှင်းစင်တာ၊ ပြခန်းကြီးများ၊ ကဇာတ်ရုံများ၊ ရုပ်ရှင်ရုံများ ၊ စားသောက်ဆိုင်ကြီးများ၊ အီလက်ထရောနစ်စင်တာများ ၊ အရောင်းခန်းကြီးများ (Shopping Mall) ၊ ရုံးခန်းအဆောက်အအုံများ (Office Appartment) နှင့် လူနေတိုက်ခန်းများ (Condo) တည်ဆောက် လုပ်ကိုင်ခြင်းတို့ ပါဝင်နိုင်ပါသည်။

၄။ တင်ဒါများကို ငွေကြေးဆိုင်ရာ အဆိုပြုလွှာနှင့် ကျွမ်းကျင်မှုနည်းပညာဆိုင်ရာ အဆိုပြုလွှာဟူ၍ စာအိတ်နှစ်ခုဖြင့် တင်သွင်းရန်နှင့် တင်ဒါတင်သွင်းသူများ လိုက်နာရန်ညွှန်ကြားချက်များ (Instructions to Tenderers) နှင့် အညီပြုစုဖော်ပြရန်ဖြစ်ပါသည်။

၅။ တင်ဒါတင်သွင်းသူများသည် တင်ဒါဆိုင်ရာ သိရှိလိုသော အချက်အလက်များကို အင်ဂျင်နီယာဌာန (အဆောက်အအုံ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ရုံးချိန်အတွင်းဆက်သွယ် မေးမြန်းနိုင်ပါသည်။

၆။ တင်ဒါစာရွက်စာတမ်းများ အပြည့်အစုံကို ရန်ကုန်မြို့ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ငွေစာရင်းအမှတ် - 1-DA-06-91886(MFTB) သို့ ပြည်ပငွေစာရင်းလွှဲပြောင်းမှု (Overseas account transfer) နည်းလမ်းဖြင့် အမေရိကန်ဒေါ်လာတစ်ထောင် (USD 1000) ပေးသွင်း၍ အထက်ဖော်ပြပါ လိပ်စာ၌ ၁၉. ၉. ၂၀၁၃ ရက်နေ့မှ စတင်၍ဝယ်ယူနိုင်ပါသည် (သို့မဟုတ်) ကျပ် ၁,၀၀၀,၀၀၀ (ကျပ်တစ်သန်းတိတိ) ကို အင်ဂျင်နီယာဌာန (အဆောက်အအုံ) ရုံးတွင် ငွေသွင်းချလံ ရယူပြီး ရန်ကုန်မြို့တော်ဘဏ် ငွေစာရင်းအမှတ် DY-၁ သို့ ပေးသွင်း၍ ဝယ်ယူနိုင်ပါသည်။ ပေးသွင်းငွေအတွက် မည်သည့်အကြောင်းနှင့်မျှ ငွေပြန်အမ်းမည်မဟုတ်ပါ။

၇။ တင်ဒါများကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ (၂) ရက်နေ့ ၁၅း၀၀ နာရီ မတိုင်မီ အထက်ဖော်ပြပါ ရုံးသို့တင်သွင်းရပါမည်။ နောက်ကျတင်သွင်းသော တင်ဒါများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၈။ တင်ဒါနှင့်အတူ တင်ဒါတင်သွင်းမှု အာမခံအဖြစ် အမေရိကန်ဒေါ်လာတစ်သန်း (USD 1,000,000) တန်ဖိုးရှိ သက်တမ်း (၆) လရှိသော ဘဏ်အာမခံပါရှိရမည်ဖြစ်ပြီး ယင်းဘဏ်အာမခံကို ပြည်တွင်း (သို့) မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်၏ အဆက်အသွယ်ဘဏ်ဖြစ်သော ပြည်ပဘဏ်မှ ထုတ်ပေးခြင်းဖြစ်ရပါမည်။

၉။ တင်ဒါဖွင့်လှစ်ခြင်းအခမ်းအနားကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရုံး၌ တင်ဒါ တင်သွင်းသူကိုယ်စားလှယ်များ ရှေ့မှောက်တွင် ပြုလုပ်မည်ဖြစ်ပါသည်။ တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့် အချိန်ကို တင်ဒါတင်သွင်းသူများသို့ အကြောင်းကြားပါမည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## ဒုတိယဗဟိုစီးပွားရေးဇုန်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် မြေငှားရမ်းခြင်းအတွက် တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံ၊ ရန်ကုန်မြို့တွင် အောက်ဖော်ပြပါနေရာ၌ ဒုတိယဗဟိုစီးပွားရေးဇုန် စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် မြေငှားရမ်းခြင်းအတွက် နိုင်ငံခြားကုမ္ပဏီများ၊ ပြည်တွင်းကုမ္ပဏီနှင့် နိုင်ငံခြားကုမ္ပဏီ တို့ပါဝင်သောဖက်စပ်လုပ်ငန်းများ (Joint Ventures) မှတင်ဒါတင်သွင်းနိုင်ရေး ဖိတ်ခေါ် အပ်ပါသည်။

တည်နေရာ - မင်းဓမ္မလမ်းနှင့်တော်ဝင်လမ်းထောင့်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

မြေဧရိယာ - (၃၆. ၅၅၁) ဧက

၂။ အဆိုပါ မြေနေရာတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အတည်ပြုသည့် အစီအစဉ်များနှင့် အညီတည်ဆောက်လုပ်ကိုင်ရန်ဖြစ်ပါသည်။

၃။ စီမံကိန်းတွင် ဟိုတယ်၊ ကွန်ဗင်းရှင်းစင်တာ၊ ပြခန်းကြီးများ၊ ကဇာတ်ရုံများ၊ ရုပ်ရှင်ရုံများ ၊ စားသောက် ဆိုင်ကြီးများ၊ ဒီလက်ထရောနစ်စင်တာများ ၊ အရောင်းခန်းမကြီးများ (Shopping Mall) နှင့် ရုံးခန်းအဆောက် အအုံများ (Office Appartment) တည်ဆောက်လုပ်ကိုင်ခြင်းတို့ ပါဝင်နိုင်ပါသည်။

၄။ တင်ဒါများကို ငွေကြေးဆိုင်ရာ အဆိုပြုလွှာနှင့် ကျွမ်းကျင်မှုနည်းပညာဆိုင်ရာ အဆိုပြုလွှာဟူ၍ စာအိတ် နှစ်ခုဖြင့် တင်သွင်းရန်နှင့် တင်ဒါတင်သွင်းသူများ လိုက်နာရန်ညွှန်ကြားချက်များ (Instructions to Tenderers) နှင့် အညီပြုစုဖော်ပြရန် ဖြစ်ပါသည်။

၅။ တင်ဒါတင်သွင်းသူများသည် တင်ဒါဆိုင်ရာ သိရှိလိုသော အချက်အလက်များကို အင်ဂျင်နီယာဌာန (အဆောက်အအုံ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ရုံးချိန်အတွင်းဆက်သွယ် မေးမြန်းနိုင်ပါသည်။

၆။ တင်ဒါစာရွက်စာတမ်းများ အပြည့်အစုံကို ရန်ကုန်မြို့ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ငွေစာရင်းအမှတ် - 1-DA-06-91886(MFTB) သို့ ပြည်ပငွေစာရင်းလွှဲပြောင်းမှု (Overseas account transfer) နည်းလမ်းဖြင့် အမေရိကန်ဒေါ်လာတစ်ထောင် (USD 1000) ပေးသွင်း၍ အထက်ဖော်ပြပါ လိပ်စာ၌ ၁၉.၉.၂၀၁၃ ရက်နေ့မှ စတင်၍ဝယ်ယူနိုင်ပါသည် (သို့မဟုတ်) ကျပ် ၁,၀၀၀,၀၀၀ (ကျပ်တစ်သန်းတိတိ) ကို အင်ဂျင်နီယာဌာန (အဆောက် အအုံ) ရုံးတွင် ငွေသွင်းချလံ ရယူပြီး ရန်ကုန်မြို့တော်ဘဏ် ငွေစာရင်းအမှတ် DY-9 သို့ ပေးသွင်း၍ ဝယ်ယူနိုင် ပါသည်။ ပေးသွင်းငွေအတွက် မည်သည့်အကြောင်းနှင့်မျှ ငွေပြန်အမ်းမည်မဟုတ်ပါ။

၇။ တင်ဒါများကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ (၂) ရက်နေ့ ၁၅း၀၀ နာရီ မတိုင်မီ အထက်ဖော်ပြပါ ရုံးသို့ တင်သွင်း ရပါမည်။ နောက်ကျတင်သွင်းသော တင်ဒါများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၈။ တင်ဒါနှင့်အတူ တင်ဒါတင်သွင်းမှု အာမခံအဖြစ် အမေရိကန်ဒေါ်လာတစ်သန်း (USD 1,000,000) တန်ဖိုးရှိ သက်တမ်း (၆) လရှိသော ဘဏ်အာမခံပါရှိရမည်ဖြစ်ပြီး ယင်းဘဏ်အာမခံကို ပြည်တွင်း (သို့) မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်၏ အဆက်အသွယ်ဘဏ်ဖြစ်သော ပြည်ပဘဏ်မှ ထုတ်ပေးခြင်းဖြစ်ရပါမည်။

၉။ တင်ဒါဖွင့်လှစ်ခြင်းအခမ်းအနားကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရုံး၌ တင်ဒါ တင်သွင်းသူ ကိုယ်စားလှယ်များ ရှေ့မှောက်တွင် ပြုလုပ်မည်ဖြစ်ပါသည်။ တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့် အချိန်ကို တင်ဒါတင်သွင်းသူ များသို့ အကြောင်းကြားပါမည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ